## အစည်းအဝေးမှတ်တမ်းများ

# နေရာထိုင်ခင်းထိန်းသိမ်းရေးအကြံပေးကော်မတီအစည်းအဝေး

**ချီးစ်-ခလပ်အဆောက်အအုံ**

**အောက်တိုဘာ၂၅၊ ၂၀၁၂**

**မနက် ၇း၃၀ နာရီ**

မစ္စတာဒေးရီယက်စ်ဒီဇွန် (Mr. Darius Dixon) ကအစည်းအဝေးကိုစတင်ဖွင့်လှစ်ကာ တက်ရောက်လာသူများ ကိုကြိုဆိုနှုတ်ဆက်ပါသည်။ ထို့နောက်တွင် မစ္စတာဒီဇွန် (Mr. Dixon) က ဧည့်သည်တစ်ဦးဖြစ်သည့် ပံ့ပိုးမှု အမှုဆောင် လက်ထောက်ဒုအုပ်ချုပ်ရေးမှူး မစ္စတာဘရူးစ်ရန်းဘတ် (Mr. Bruce Runberg) ကိုမိတ်ဆက် ပေးပါသည်။

အကြံပေးကော်မတီဝင်များအနက်တက်ရောက်လာသူများမှာ ကျော်အောင် (Kyaw Aung)၊ ဗာဂျီးနီးယား ဘလစ်ဖ် (Virginia Baillif)၊ ရှောခါးဝဲလ် (Shawn Caldwell)၊ ဂျော့ဂျိမ်း (George James)၊ အန်ဂျလာဝူးမက်ခ် (Angela Womack)၊ ဂျွန်ဒဘလျူဝီလျံ (John W. Williams) နှင့် ဂျူနီတာဝီလျံ (Juanita Williams) တို့ဖြစ်ပါ သည်။ တက်ရောက်လာခြင်းမရှိသောကော်မတီဝင်များမှာ စယ်လ်ဗီယာဘလန်း (Sylvia Bland)၊ ဒေးဗစ် ဖရဲလေး (David Fraley)၊ စောလောလမူး (Sa Lawla Moo)၊ နှင့် ဒေါ်နယ်ရိုက် (Donald Wright) တို့ဖြစ်ပါသည်။ ဘရူးစ်ရန်းဘတ်(Bruce Runberg)၊ ထရေစီအက်နရူး (Tracy Agnew)၊  ဒေးရီယက်စ်ဒီဇွန် (Darius Dixon)၊ နှင့် စီလက်စတီခရစ်စတီ (Celeste Christy) တို့လည်းတက်ရောက်လာကြပါသည်။

မစ္စတာဒီဇွန် (Mr. Dixon) ကအစည်းအဝေးစတင်ဖွင့်လှစ်ပေးပါသည်။ ၂၀၁၂ အောက်တိုဘာလမှအစည်း အဝေး မှတ်တမ်း များကို လိုအပ်သောပြောင်းလဲမှုများ သို့မဟုတ် အမှားပြင်ဆင်များပြုလုပ်ရန်အတွက်ဝေပေး ပါသည်။ မစ္စတာရှောခါးဝဲလ် (Mr. Shawn Caldwell) မှ မှန်ကန်ကြောင်းအသိအမှတ်ပြုကာမစ္စ ဂျူနီတာဝီလျံ (Ms. Juanita Williams) မှထောက်ခံပါသည်။ ကန့်ကွက်သူမရှိသဖြင့်ပဲ အစည်းအဝေးမှတ်တမ်း ကို မှန်ကန်ကြောင်း အားလုံးကထောက်ခံကြပါသည်။

**<u>ပြဿနာများတင်ပြခြင်း</u>**

**(က) မေးခွန်းများနှင့် စိုးရိမ်မှုများ**

- မစ္စတာဒီဇွန် (Mr. Dixon) က ကော်မတီဝင်များအား ယင်းတို့၏စီမံကိန်းများကိုပြီးမြောက် အောင် ဆောင်ရွက် ရန် ရက်အကန့်အသတ်သာကျန်တော့ကြောင်းနှင့် ဤနှစ် အတွင်းတွင် အစည်းအဝေး ပြုလုပ်ရန် ကျန်ရစ်သောရက်အနည်းသာရှိတော့ကြောင်း သတိပေးပါသည်။ ဆက်လက်ပြုလုပ် မည့်အစည်းအဝေးရက်စွဲများမှာ နိုဝင်ဘာ ၈၊ နိုဝင်ဘာ ၁၆၊ ဒီဇင်ဘာ ၆ နှင့်

ဒီဇင်ဘာ ၂၀ တို့ဖြစ်ပါသည်။ မစ္စတာဒီဇွန် (Mr. Dixon) ကတင်ပြလိုသောမေးခွန်းများနှင့် စိုးရိမ်မှုများ ရှိမရှိမေးမြန်းပါသည်။ အကြံပြုချက်များ နှင့် မေးခွန်းများမရှိပါ။

**(ခ) အုပ်စု၁ ၏ HAC ထံတင်ပြချက်ပြန်လည်ဆန်းစစ်ခြင်း**

- မစ္စတာဂျိမ်း (Mr. James) ကယင်းတို့၏ အဆိုတင်သွင်းချက်ကို ခရစ်ချီရွန် (Chris Chiron) ထံသို့ ပြန်လည်ကြည့်ရှုရန်နှင့် အကြံပေးချက်များပေးရန် ဖက်စ်ပို့ပေးခဲ့ပြီ ဖြစ်ကြောင်း ပြောင်းလဲမှုများအပေါ်ပြန်လည်ကြည့်ရှုရန်အတွက်အဆင်သင့်မဖြစ်သေးကြောင်း နှင့် ကော်မတီဝင်များပြန်လည်ကြည့်ရှုရန်အတွက် ယင်းအနေဖြင့် အကြမ်းဖျဉ်းမိတ္တူများ ကိုပြုလုပ်ပေးရန်ရှိကြောင်း တင်ပြပါသည်။ မစ္စတာဒီဇွန် (Mr. Dixon) ကအုပ်စု ၂ နှင့် ၃ တို့ကိုဆက်လုပ်စေကာ မိတ္တူများဆွဲခွင့်အချိန်ပေးပါသည်။

**(ဂ) ကော်မတီမှ အုပ်စု ၁၊ ၂ နှင့် ၃ တို့၏ အကောင်အထည်ဖော်မှုအစီအစဉ်နှင့် နောက်ဆုံးသတ်မှတ်ထား သောရက်စွဲ များကိုပြန်လည်ကြည့်ရှုစစ်ဆေးခြင်း**

(မစ္စတာဒီဇွန် (Mr.Dixon) ကအုပ်စုများအနေဖြင့်ယင်းတို့၏စီမံကိန်းများကို ပြီးမြောက်အောင် ဆောင်ရွက်ရန် အလုပ်လုပ်ရက် ၂၃ ရက်သာကျန်တော့ကြောင်းသတိပေးပါသည်။)

- **အုပ်စု၂ အစီရင်ခံချက်ကိုအကောင်အထည်ဖော်ရန်အစီအစဉ်**

  မစ္စ်ဝီလျံ (Ms. Williams) ကအုပ်စု ၂ ကို ကျော်အောင် (Kyaw Aung)၊ စောလောလမူး (Sa Lawla Moo)၊ သူမတို့ဖြင့်ဖွဲ့စည်း ထားကြောင်း ဖော်ပြပါသည်။ မစ္စ်ဝီလျံ (Ms. Williams) ကအကောင်အထည်ဖော်ရန် အစီအစဉ်ကိုပြန်လည်စစ်ဆေးကြည့်ရှုကာ အုပ်စု ၂ အနေဖြင့် ဘာသာစကားသင်ယူရာတွင် "ရိုးရာ" ကိုဦးတည်ရန်အတွက်ရွေးချယ်ခဲ့ပါသည်။ သူမက ဘာသာစကားလေး (၄) ခု - (ကရင်၊ ဗမာ၊ စပိန် နှင့် အင်္ဂလိပ်) တို့ပါဝင်သည့် အစီရင်ခံသည့် စီမံကိန်းပစ္စည်းမူကြမ်းများကို တင်ပြ ပါသည်။ အစီအစဉ်မှာ ဖုံတစ်ခုစီတွင်ပြသရန် ပိုစတာ သင်ပုန်းများကို ထားရှိရန်ဖြစ်ပါ သည်။ ပိုစတာ တွင် လူတို့အား ဘာသာစကားသင်ယူရာတွင် အကူအညီပေးရန်နှင့် မိမိတို့၏ရည် ရွယ်ချက် ကိုနားလည်စေရန်အတွက် ဘာသာစကားလေးခုဖြင့် သက်ဆိုင်ရာပုံများ၊ ကဒ်ပြား ငယ်များကိုပြသထားမည်ဖြစ်ပါသည်။ ထိုပိုစတာများ အပြင် လက်ကမ်းစာစောင် ၂ စောင်ကို လည်း အဆိုပြုတင်ပြခဲ့ပါသည်။ လက်ကမ်းစာစောင် တစ်ခုတွင် အသုံးများသောစကားလုံးများ ကို ပထမကော်လံတွင် အင်္ဂလိပ်စာဖြင့်အခြား ကော်လံများတွင် မြန်မာ/ကရင်ဘာသာဖြင့်မည် သို့ရေးသည်ကိုလည်းကောင်း၊ မြန်မာ/ကရင်ဘာသာဖြင့် မည်သို့အသံထွက်သည်ကိုလည်း ကောင်းဖော်ပြထားပါသည်။

မစ္စဝီလျံ (Ms. Williams) ၏တင်ပြချက်ပြီးနောက်တွင်ဆွေးနွေးမှုကိုဆက်လက်လုပ်ဆောင်ပါသည်။ သူမအားအခြားအသုံးများသောစကားလုံးများဖြစ်သည့် "အနားယူချိန်" နှင့် "မီး" ဟူသောစကားလုံးများကိုထပ်မံပေါင်းထည့်နိုင်မည်လောဟုမေးပါသည်။ မစ္စဝီလျံ (Ms. Williams) က အပြုသဘောဖြင့်တုံ့ပြန်ကာ ထိုသို့အသုံးများသောစကားလုံးများကိုထည့်ခြင်းသည် အကောင်းဆုံး ဖြစ်ကြောင်းပြန်လည်ဖြေကြားပါသည်။

မစ္စတာဒီဇွန် (Mr. Dixon) ကဖုံ ၂၂ ခုတွင်လိုအပ်မည့် ပိုစတာများ၊ ကဒ်ပြားများနှင့် လက်ကမ်းစာစောင်များကိုဒီဇင်ဘာ၆ရက်နေ့အမီပြီးမည်လောဟူသည့်အချက်ကိုစိတ်တွင် ထည့်ထားကာ ယနေ့အဆိုပြုတင်ပြချက်ကို ကော်မတီအနေဖြင့်လက်ခံနိုင်မခံနိုင်ကို မေးမြန်း ပါသည်။ မစ္စတာရန်းဘတ် (Mr. Runberg) က အခြားလူများပါဝင်မှုရှိမရှိ ဆိုသည့်အကြောင်းကိုမေးမြန်းပါသည်။ မစ္စဝီလျံ (Ms. Williams) က လုပ်အားပေးပါဝင်မှုများရရှိနိုင်မည်ဖြစ်ကြောင်း ဖြေကြားပါသည်။

မစ္စတာအောင် (Mr. Aung) က လက်ဟန်ခြေဟန်စကားနှင့်ပတ်သတ်၍ အချို့သောယဉ်ကျေးမှုများတွင် စော်ကားသကဲ့သို့ဖြစ်တတ်ကြောင်း၊ ယင်းကြောင့် ရိုသေလေးစားခြင်းမခံရဟုခံစားမှုကိုဖြစ်ပေါ်စေတတ်ကြောင်းပြောပြပါသည်။ မစ္စတာဒီဇွန် (Mr. Dixon) ကဂျူနီတာ (Juanita) အား ယင်းကိစ္စနှင့်ပတ်သတ်၍တစ်စုံတစ်ခုကိုထည့်သွင်း ပေးနိုင်မည်လောဟုမေးမြန်းပါသည်။ ထိုဆုံးဖြတ်ချက်ကိုအဆိုတင်ကာ ဘာသာစကားစီမံကိန်းနှင့်ပတ်သတ်၍မည်ကဲ့သို့စုပေါင်းလုပ်ဆောင်မည်ဆိုသည်ကို စဉ်းစားကြရမည်ဖြစ်ပါသည်။

မစ္စဝီလျံ (Ms. Williams) ကအချို့သောသူများသည်အင်္ဂလိပ်စကားမပြောတတ်သော်လည်း အင်္ဂလိပ်စကားလုံးများကို ဖတ်တတ်သည်ဟုပြောပါသည်။

မစ္စတာရန်းဘတ် (Mr. Runberg) အချို့သောသူများသည် ဒေသစကားနှစ်မျိုးလုံးကိုပြောနိုင်ပါသလားဟုမေးပါသည်။ မစ္စဝီလျံ (Ms. Williams) ကပြောနိုင်ပါသည်ဟုဖြေကြားပါသည်။

မစ္စတာအောင် (Mr. Aung) ကမိခင်ဘာသာစကားမှအခွဲဒေသလိုက်ပြောသောစကားများရှိပါသည် ဟုရှင်းပြပါသည်။

မစ္စတာဒီဇွန် (Mr. Dixon) ကသဘောတူညီချက်ကိုကန့်ကွက်သူမရှိပဲ သဘောတညီတညွတ်တည်းလက်ခံသဘောတူကြောင်းကြေငြာပါသည်။

မစ္စဝီလျံ (Ms. Williams) ကဖုံများအတွက်စီမံကိန်းကို  နိုဝင်ဘာလ၈ရက်အစည်းအဝေးတွင် အဆင်သင့်ဖြစ်စေရန်မျှော်လင့်ကြောင်းပြောကြားပါသည်။

- **အုပ်စု ၃ အဆိုပြုချက်အကောင်အထည်ဖော်ရန်အစီအစဉ်**

မစ္စတာခါးဝဲလ် (Mr. Caldwell) ကအုပ်စု၃ကို မစ္စ်ဘလဲ (Ms. Bland)၊ မစ္စတာဝီလျံ (Mr. Williams)၊ ယင်းတို့နှင့် ဖွဲ့စည်းထားကြောင်းပြောပါသည်။ မစ္စတာခါးဝဲလ် (Mr. Caldwell) က လူ့အရင်းအမြစ်မှချမှတ်ထားသော PRM နှင့်အညီ ပေါ်လစီနှင့် လုပ်ထုံးလုပ်နည်းများကို ဦးတည်ရန် ရွေးချယ်ခဲ့ကြောင်းဖော်ပြပါသည်။ အုပ်စု၏ ကြိုးပမ်းမှုမှာ သင်တန်း၏အဆင့်နှင့် လိုအပ်ချက်များကို သတ်မှတ်ရန်ဖြစ်ပါသည်။ အုပ်စုသည် စစ်တမ်းကောက်ယူမှုတစ်ခုကို ရေးသားခဲ့ကာ ယင်းကို ပြန်လည်ကြည့်ရှုစစ်ဆေးရန်အတွက် ဝေပေးခဲ့ပါသည်။ အုပ်စု၃ အနေဖြင့် ဖုံမန်နေဂျာများထံသို့လေ့လာဆန်းစစ်မှုကိုပို့မည့်နေ့ရက်၊ ပြန်လည်ပေးအပ်ရမည့် နေ့ရက်နှင့် ရလဒ်များကိုပြန်လည်ဆန်းစစ်ကာ အချက်အလက်များကိုစုဆောင်းမည့်နေ့ရက် တို့ကို ချမှတ်လိုပါသည်။ ဖုံမန်နေဂျာများ သည် ဖြန့်ဝေရန်၊ ပြန်လည်ကောက်ယူရန်နှင့် ပြန်လည်ပေးအပ်ရန် တာဝန်ပေးခြင်းခံရပါမည်။
မစ္စတာဒီဇွန် (Mr. Dixon) သည် စစ်တမ်းကောက်ယူမှုတွင် ကောက်ယူမည့် အကြောင်းအရာများကိုဖတ်ရှု ကာ ရလဒ်များကိုမည်ကဲ့သို့ပြန်လည်ကောက်ယူမည် ဆိုသည်နှင့်ပတ်သတ်၍မေးမြန်းပါသည်။
မစ္စတာဂျိမ်း (Mr. James) က နီပိုတစ်စန် ကိုမည်သည့်အတွက်ကြောင့်ချန်ထားခဲ့ကြောင်း မေးမြန်းကာ ထိုအကြောင်း ကို 4J အဖြစ်ထည့်သွင်းရန်တောင်းဆိုခဲ့ပါသည်။ မစ္စတာခါးဝဲလ် (Mr. Caldwell) ကနီပိုတစ်စန်ကို စာရင်းထဲသို့ထပ်ပေါင်းထည့်ပါမည်ဟု ဆိုပါသည်။
မစ္စတာဝီလျံ (Mr. Williams) က မစ္စ်အက်နရူး (Ms. Agnew) အား စစ်တမ်းကောက်ယူမှုတွင် အလုပ်သမားအားလုံးပါဝင်နိုင်ရန်အတွက် ဘာသာပြန်ဆိုပေးရန်ဖြစ် နိုင်မည်လော ဟုမေးမြန်း ပါသည်။ မစ္စ်အက်နရူး (Ms. Agnew) ကဖြစ်နိုင်ပါသည်ဟုဖြေကြားပါသည်။
မစ္စတာခါးဝဲလ် (Mr. Caldwell) က တစ်ခါက ဤစစ်တမ်းကို လိုအပ်သောညှိနှိုင်းမှုများဖြင့် လက်ခံမှုရရှိထားပြီးဖြစ်ကြောင်း၊ ယင်းကို နိုဝင်ဘာလ ၅ ရက်နေ့တွင် ဖုံမန်နေဂျာအားလုံးထံ သို့ ပို့ကာ ဖြန့်ဝေရန်၊ နိုဝင်ဘာလ ၉ ရက်နေ့ မစ္စ်ခရစ်စတီ (Ms. Christy) မှာပြန်လည်သိမ်း ဆည်းရန်နှင့် ပြန်လည်ပေးအပ်ရန်အတွက် ညွှန်ကြားချက်များ ပေးမည်ဖြစ်ကြောင်းဖော်ပြ ပါသည်။ ထို့နောက်တွင်အုပ်စု ၃ ၏အသင်းဝင်များသည် အချက် အလက်များကိုစုဆောင်းကာ ကော်မတီဝင်များပြန်လည်ကြည့်ရှုစစ်ဆေးရန်အတွက် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ရလဒ်များ ကိုပြန်လည်တင်ပြမည်ဖြစ်ပါသည်။ ထိုအစီအစဉ်ကို အကန့်အကွက်မရှိပဲသဘောတူလက်ခံ ကြပါသည်။

- **အုပ်စု ၁ အစီရင်ခံမှုကြမ်း**

  မစ္စတာဂျိမ်း (Mr. James) သည်အုပ်စု၁၏အစီရင်ခံစာမူကြမ်းကိုဝေပေးပါသည်။ စစ်တမ်းတွင် စီမံမှုအနေဖြင့် အလုပ်အဆိုင်းများအပြောင်းအလဲပြုလုပ်ရန်စဉ်းစားထားကြောင်း ဖော်ပြထား ပါသည်။ အုပ်စုက ယခင်စစ်တမ်းကို အလုပ်သမားများအားဖြန့်ဝေရန် အဆိုပြုပါသည်။ စစ်တမ်းအချက်အလက်များမှတဆင့် အလုပ်အဆိုင်းပြောင်းလဲမှုများနှင့်ပတ်သတ်၍ အကျိုး သက်ရောက်မှုမည်မျှရှိ ကြောင်းကို အလုပ်သမားထုတစ်ရပ်လုံးအပေါ်တွင် အဆိုပြုသည့် အချက်အလက်များအနေဖြင့်သိရှိရမည်ဖြစ်ပါသည်။

  မစ္စတာဂျိမ်း (Mr. James) က မစ္စတာချိုရွန် (Mr. Chiron) အနေဖြင့် စကားလုံးများနှင့် ပတ်သတ်၍ကူညီပေးနေကြောင်း၊ မပြီးပြတ်သေးကြောင်း သို့ရာတွင် ဖြန့်ဝေပြီးပြန်လည် ရရှိမည့်နေ့ဖြစ်သည့်နိုဝင်ဘာ၈ရက်နောက်အစည်းအဝေးတစ်ခုတွင် ပြန်လည်ကြည့်ရှု စစ်ဆေးရန်နှင့် သဘောတူညီလက်ခံရန် အဆင့်သင့်ဖြစ်နေမည်ဖြစ်ကြောင်း ဖော်ပြပါသည်။ မစ္စတာဒီဇွန် (Mr. Dixon) ကဒီဇင်ဘာ ၆ ရက်နေ့သည်အလွန်နီးကပ်လွန်းလှကြောင်း ပြောပါသည်။ မစ္စတာဂျိမ်းက (Mr. James) ယင်းကိုအောင်မြင်စွာပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ချက်ရှိသည်ဟု ပြန်လည်ဖြေကြားပါသည်။

<u>လုပ်ငန်းအသစ်</u>

A. **(က) နိုဝင်ဘာ ၈ ရက်နှင့်ဒီဇင်ဘာ ၆ ရက်အစည်းအဝေးအတွင်းတွင် ပြီးမြောက်ရမည့် အရာများကိုဆွေးနွေးခြင်း**
   - အုပ်စုတစ်စုစီကနိုဝင်ဘာ၈ရက် နှင့်/သို့မဟုတ် ဒီဇင်ဘာ၆ရက်နေ့အစည်းအဝေး တွင် ပြီးမြောက်ရမည့်အစီအစဉ်များကိုဖော်ပြကြပြီး အချို့တို့ကို ဤအစည်းအဝေးမှတ်တမ်းများ အတွင်းတွင် ဖော်ပြထားပါသည်။

B. **(ခ) အခြားကိစ္စရပ်များ**
   - ဗာဂျီးနီးယားဘာလစ်ဖ် (Virginia Baillif) ကအဖြူရောင်အိမ်သာဘာရက်ရှ်များကို အသုံးမပြု တော့ပဲအနီရောင်ဘာရက်ရှ်များကိုအဘာယ်ကြောင့်အစားထိုးထားသည့်ကိစ္စနှင့် ပတ်သတ်၍ မေးမြန်းပါသည်။ သူမက အနီရောင်ဘာရက်ရှ်သည် နေရာထိုင်ခင်း အလုပ်သမားများ အပေါ် သို့ရေများစင်စေသည်ဟုဖော်ပြပါသည်။ ဆွေးနွေးမှုပြီးနောက်တွင် အနီရောင်ဘာရက်ရှ်သည် လုပ်ဆောင်ချက်အကောင်းဆုံး ဖြစ်ကြောင်းသတ်မှတ်ချက်ချ လိုက်ပါသည်။ မစ္စဝီလျံ (Ms.

Williams) က နေကာရေကာမျက်မှန်များ (goggles) သည် အသုံးဝင်ကြောင်း အကြံပေးပါသည်။ မစ္စတာရန်းဘတ် (Mr. Runberg) ကလည်း လူတစ်ဦးအနေဖြင့်မျက်မှန်တပ်ရာတွင် လေကာနေကာမျက်မှန်များ (goggles) ကိုအသုံးပြုရန်ပြောပါသည်။ မစ္စဝီလျံ (Ms. Williams), မစ္စတာဝီလျံ (Mr. Williams) နှင့် မစ္စတာခါးဝဲလ် (Mr. Caldwell) တို့အားလုံး ကလည်းမျက်မှန်များတပ်စဉ်ဘေးမှ အကာများ ရှိသည်မှလွဲ၍ မျက်မှန်တပ်ထားသည့်အချိန် တွင်ပင်လျှင် နေကာရေကာ မျက်မှန် (goggles) ကို လိုအပ်သေးကြောင်းပြောဆိုကြပါသည်။ နေရာထိုင်ခင်းထိန်းသိမ်းရေးမှ အဖွဲ့ခေါင်းဆောင်များ ကို ယင်းတို့ကြိုက်သည့်ဘရက်ရှ်အမျိုးအစားကိုအကြံပေးစေမည်ဖြစ်ပါသည်။ မစ္စတာဝီလျံ (Mr.Williams) ကတခါတရံတွင် အသုံးပြုသော ဓာတုပစ္စည်းများက ဤအခြေအနေတို့ကိုဖန်တီးပေးခြင်းဖြစ်ပြီး ဘရက်ရှ်၏ပြဿနာ မဟုတ်ကြောင်းဖော်ပြပါသည်။ မစ္စတာခါးဝဲလ် (Mr. Caldwell) ကအချို့သောဖုံများတွင် အဖြူရောင်ဘရက်ရှ်များကို အသုံးပြုနေဆဲဖြစ်ကြောင်း၊ သို့ရာတွင် အနီရောင်ဘရပ်ရှ်မှာအများအားဖြင့်ရွေးချယ်အသုံးပြု သောအရာဖြစ်ကြောင်းဖော်ပြပါသည်။

- မစ္စဝီလျံ (Ms. Williams) သည်အဆိုင်း၃ထံမှ GED အတန်းများနှင့်ပတ်သတ်၍ တုံ့ပြန်ချက် ၂ ခုရရှိခဲ့ပါသည်။ အလုပ်သမားတစ်ဦးသည် မိမိအလုပ်ချိန်ဆုံးသည့်အချိန်မှ သင်တန်းစတင်သည့်အချိန်အကြားတွင် ၁ နာရီခွဲမျှစောင့်ဆိုင်းရသဖြင့် သင့်တော်သည့် အချိန်ဇယားဖြင့် ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ပါသည်။

အစည်းအဝေးကိုမနက် ၉း၀၀ နာရီတွင်ရုပ်သိမ်းပါသည်။